ကြေးမုံ
The Mirror
၁၉၅၇ ဖေ့ဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ စနေနေ့ (7-12-2013) (၇၆၈၇)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်အာဖရိကသမ္မတဟောင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၆

ဒီဇင်ဘာ ၅ ရက်တွင် တောင်အာဖရိကသမ္မတနိုင်ငံ၏ သမ္မတဟောင်း မစ္စတာ နယ်ဆင်မန်ဒဲလ်လား ကွယ်လွန်သွားခြင်းအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျေးကော့ဘ်ဇူးမား ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

# ဖိလစ်ပိုင်ပြည်သူများအနေဖြင့် ကြုံတွေ့နေရသည့် အခက်အခဲများအားလုံးကို ခိုင်မာသည့်စိတ်ဓာတ်ဖြင့် အောင်မြင်စွာ ကျော်လွှားနိုင်မည်ဟု ယုံကြည်

နေပြည်တော် ဒီဇင်ဘာ ၆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် မနီလာမြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ ဆီဘူးမြို့ (MACTAN CEBU) အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖိလစ်ပိုင်နိုင်ငံ၌ မုန်တိုင်းဒဏ်ခံဒေသများမှ တာဝန်ရှိသူများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား ပြည်နယ်အုပ်ချုပ်ရေးမှူး Hilario P.Davide(III) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရဟတ်ယာဉ်များဖြင့် ဘန်တာရန်ကျွန်းသို့ ဆက်လက်ထွက်ခွာပြီး မုန်တိုင်းဒဏ်သင့် ဒေသများအား ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် Santa Fe လေဆိပ်သို့ ရောက်ရှိပြီး လေဆိပ်၌ မုန်တိုင်းဒဏ်ခံဒေသများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တာဝန်ရှိသူများက မုန်တိုင်းဒဏ်ခံရမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ

စာမျက်နှာ ၃ ကော်လံ ၀ သို့ ❒

## ဝါတာပိုလို အမျိုးသားပြိုင်ပွဲ စတင်ကျင်းပ ထိုင်းအသင်းက မြန်မာအသင်းကို ဂိုးပြတ်နိုင်

နေပြည်တော် ဒီဇင်ဘာ ၆

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝါတာပိုလိုပြိုင်ပွဲကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော် ဇေယျာသီရိရေကူးကန်၌ စတင်ကျင်းပသည်။ ယနေ့ကျင်းပသော အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝါတာပိုလို အမျိုးသားပြိုင်ပွဲ ပထမနေ့ယှဉ်ပြိုင်နေမှုကို အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း သွားရောက်ကြည့်ရှုအားပေးသည်။ အစီအစဉ်အရ နှစ်ဖက်အသင်း နိုင်ငံတော်အလံများအား အလေးပြုကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အားကစားသမားများကို နှုတ်ဆက်အားပေးကြသည်။ ဆက်လက်၍ အမျိုးသားပြိုင်ပွဲပထမပွဲစဉ်အဖြစ် မြန်မာနှင့် ထိုင်းယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။ ယနေ့ပွဲစဉ်တွင် ထိုင်းအသင်းက အိမ်ရှင်မြန်မာအသင်းကို ၂၂ ဂိုး-သုံးဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝါတာပိုလိုပြိုင်ပွဲကို ဇေယျာသီရိရေကူးကန်တွင် မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှားနှင့် အင်ဒိုနီးရှား နိုင်ငံငါးနိုင်ငံမှ ပြိုင်ပွဲဝင် အားကစားသမား ၇၆ ဦးဖြင့် ဒီဇင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (ကြေးမုံ)



(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝါတာပိုလိုအားကစားပြိုင်ပွဲကို နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ဇေယျာသီရိရေကူးကန်၌ ကျင်းပရာ ပထမနေ့ပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။ (ဓာတ်ပုံ-စိုးညွန့်)



# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၆) သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၆

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဖြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသရေစည်သူမင်းအောင်လှိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးသူရသက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊ မိတ်ကြားထားသည့်ဧည့်သည်တော်များ၊ သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်းများအား စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ရင်းများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၆)မှ အကောင်းဆုံးအင်ဂျင်နီယာဆုရရှိသူ ဗိုလ်လောင်းအမှတ်(၆၂၄၀) ဗိုလ်လောင်းအောင်ကိုကြိုင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၅၇၁၅)ဗိုလ်လောင်းဇာနည်ထွန်းနှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၅၇၈၉)ဗိုလ်လောင်းတင်ထွန်းအောင်တို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်မည့် ပြည်ထောင်စုတပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် ဖြစ်ရန်လိုအပ်ကြောင်း၊ ခေတ်မီတပ်မတော်တစ်ရပ်ရှိမှသာ စစ်ရေးစွမ်းအား (Military Might) ကို ရရှိမည်ဖြစ်ကြောင်း၊ စစ်ရေးစွမ်းအားရရှိရန်အတွက် အဓိကလိုအပ်ချက်မှာ လူသားအရင်းအမြစ်၊ အတတ်ပညာ၊ ခနအင်အား စိတ်ဓာတ်နှင့် ပထဝီအနေအထားတို့ပင်ဖြစ်ကြောင်း၊ ခေတ်မီတပ်မတော် တည်ဆောက်ရေးတွင် အတတ်ပညာပြည့်ပသည့် လူသားအရင်းအမြစ်များအဖြစ် မိမိတို့ တတ်သိထားသည့် အင်ဂျင်နီယာပညာရပ်များကို အသုံးပြုပြီး ကျရာနေရာကနေ စွမ်းစွမ်းတမံ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ တပ်မတော် စွမ်းရည်ရှိရန်အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝပြီး ထူးချွန်ထက်မြက်သည့် အင်ဂျင်နီယာအရာရှိကောင်းများ ပေါ်ထွက်လာစေရန် တပ်မတော်နည်းပညာတက္ကသိုလ်ကို ဖွင့်လှစ်သင်ကြားနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် စိုက်ပျိုးရေး၊ ဝန်ဆောင်မှုနှင့် စက်မှုဆိုသည့် ကဏ္ဍသုံးရပ်တွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသည်ကိုတွေ့ရမှာဖြစ်ကြောင်း၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အင်ဂျင်နီယာနှင့်နည်းပညာရပ်များဖွံ့ဖြိုးရေးသည် အထူးအရေးကြီးသည့်အတွက် နိုင်ငံတော်တည်ဆောက်ရေးတွင် တတ်ကျွမ်းထားသည့် အင်ဂျင်နီယာနှင့်နည်းပညာရပ်များကို တစ်ထောင့်တစ်နေရာက အသုံးချသွားရမည်ဖြစ်ကြောင်း။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် ဗိုလ်လောင်းတပ်ရင်းများအား စစ်ဆေးစဉ်။ (မြပတီ)

မိမိတို့နိုင်ငံ၏ သမိုင်းအစဉ်အလာကို လေ့လာကြည့်လျှင် တပ်မတော်သည် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နိုင်ရုံသာမက မမျှော်လင့်ဘဲ ပေါ်ပေါက်လာတတ်သည့် ပြည်ပကျူးကျော်မှုမျိုးကိုလည်း ပြည်သူနှင့်အတူ တစ်သားတည်းရှိပြီး ပူးပေါင်းချေမှုန်းနိုင်ရမည်ဖြစ်ကြောင်း။

ယနေ့ မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးနေကြောင်း၊ မည်သည့် ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည်ဖြစ်စေ လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်မှုများကို လက်မခံမှုများ တွေ့ရကြောင်း၊ ယခုလို ဒီမိုကရေစီပြောင်းလဲဖော်ဆောင်ရာတွင် ယနေ့ကမ္ဘာ့နိုင်ငံအချို့၌ ကြုံတွေ့နေရသည့် အသွင်ကူးပြောင်းရေးကာလ မတည်ငြိမ်မှုနှင့် လက်နက်စွဲကိုင်ပဋိပက္ခဖြစ်ပွားမှုများကို သင်ခန်းစာရယူပြီး အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုဖြစ်အောင် ပြည်သူလူထုအပါအဝင် တစ်နိုင်ငံလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

မိမိတို့နိုင်ငံသည် ပြည်သူကိုဗဟိုပြုသည့် အုပ်ချုပ်ရေးပုံစံ၊ တစ်နည်းအားဖြင့် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုလို ဆောင်ရွက်သည့်နေရာတွင် ပြည်သူများ ပူးပေါင်းပါဝင်မှု၊ ထင်သာမြင်သာရှိမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှု၊ အများဆန္ဒကို အလေးထားမှု၊ တန်းတူညီမျှမှု၊ စွမ်းဆောင်ရည်ရှိမှုနှင့် တရားဥပဒေစိုးမိုးမှု (Rule of Law) တို့ရှိရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီစနစ်ဟာ လွတ်လပ်မှုကို အခြေခံသည့် စနစ်ဖြစ်သပြင့် အားလုံးက စည်းကမ်းနှင့်ဥပဒေကို လေးစားလိုက်နာပြီး အပြုသဘောပူးပေါင်းဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း။

ဒီမိုကရေစီဆိုသည်မှာ ရယူခြင်းသာမဟုတ်ဘဲ ပေးဆပ်ရမည့် တာဝန်ဝတ္တရားတွေလည်း ရှိသည်ဆိုတာကို မမေ့ရန်လိုအပ်ကြောင်း၊ အထူးသဖြင့် စည်းကမ်းနှင့် ဥပဒေများကို လိုက်နာပြီး အနိမ့်ဆုံးအဆင့်မှပေးဆပ် ဆောင်ရွက်ရန် တာပန်ရှိကြောင်း၊ တပ်မတော်သည် စတင်ဖွဲ့စည်းစဉ်ကတည်းက စည်းကမ်းနှင့် စိတ်ဓာတ်ကို အခြေခံပြီး ဖွဲ့စည်းခဲ့တာဖြစ်ကြောင်း၊ စည်းကမ်းသည် တပ်မတော်၏ အသက်ခန္ဓာပဲ ဖြစ်ကြောင်း၊ တပ်မတော်သားများသည် ပြည်သူအတွင်းက ပေါက်ဖွားလာပြီး မိမိဆန္ဒအလျောက် တပ်မတော်အတွင်းကို ဝင်ရောက်လာသူများ၊ အထူးသဖြင့် ပြည်သူ့တပ်မတော်သားတွေဖြစ်သည့်အတွက် တပ်မတော်ကချမှတ်ထားသည့် စစ်ဘက်ဥပဒေ၊ စစ်စည်းကမ်းများအပြင် နယ်ဘက်ဥပဒေ၊ နယ်ဘက်စည်းကမ်းများကိုလည်း တိတိကျကျ လိုက်နာဆောင်ရွက်ပြီး တပ်မတော်၏ အဓိကတာဝန်ကြီးများဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာပန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀ မှာ ပြဋ္ဌာန်းထားသည့်အတိုင်း ဒီတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်မှာ အဓိကတာပန်ရှိသည်ကို မှာကြားလိုကြောင်း၊ မိမိတို့နိုင်ငံသည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက နေရာဒေသအနှံ့အပြားမှာ တိုင်းရင်းသားလူမျိုးစုများ ယဉ်ကျေးမှုအဖုံဖုံဖြင့် နေထိုင်ခဲ့ကြသော်လည်း တစ်မြေတည်းနေ တစ်ရေတည်းသောက်များဖြစ်ခြင်းကြောင့် ရိုးသားခြင်း၊ ကြင်နာခြင်း၊ ကူညီရိုင်းပင်းခြင်း၊ ခွင့်လွှတ်သည်းခံခြင်းစသည့် တူညီသောသဘာဝများရှိကြခြင်းဖြစ်ကြောင်း၊ ယင်းသို့ တိုင်းရင်းသားလူမျိုးစုများ အတူတကွနေထိုင်ကြသည့် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အခြေခံအုတ်မြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံး စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ရှိရန်လိုအပ်ကြောင်း၊ ကမ္ဘာပေါ်မှာရှိသည့် ဖွံ့ဖြိုးပြီး နိုင်ငံတိုင်းသည် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရှိပြီးဖြစ်တာတွေ့ရကြောင်း၊ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုရှိမှသာ တရားဥပဒေစိုးမိုးမှုရှိပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ဒေသများပါမကျန် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို လိုလားသည့်တပ်မတော်သည် စစည်းညီညွတ်သည့် ပြည်ထောင်စုကြီးကို ရည်မှန်းပြီး နိုင်ငံတော်၏မူဝါဒများနှင့်အညီ စိတ်ကောင်းစေတနာ မှန်ကန်စွာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာများကို လေ့လာ၊ သင်ယူ၊ လိုက်နာဖြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် အလုပ်လုပ်ကြရမည်ဖြစ်ကြောင်း၊ ကြိုးစားအားထုတ်မှုမရှိဘဲ အလုပ်မလုပ်ဘဲဖြင့် တိုးတက်မှုမရနိုင်ဘူးဆိုသည်ကို သိရှိထားကြရမည်ဖြစ်ကြောင်း၊ ဒါ့ကြောင့် မိမိရောက်ရှိတာဝန်ထမ်းဆောင်ရာဒေသအသီးသီးတွင် တပ်တွင်း၊ တပ်ပြင် စည်းရုံးရေးလုပ်ငန်းများကို ပီပီပြင်ပြင်ဆောင်ရွက်ပြီး ဒေသခံတိုင်းရင်းသားများကို ပြည်ထောင်စုစိတ်ဓာတ် ရှိလာအောင်၊ စည်းလုံးညီညွတ်အောင်၊ ဒေသဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်ကြိုးပမ်းလုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း။

လူ့ဘဝနယ်ပယ်တွင်လည်း အခြေခံခိုင်မာအောင်တည်ဆောက်ပြီး တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းခြင်းမပြုလျှင် အောက်ခြေမခိုင်၍ မလိုလားအပ်သည့် ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ရနိုင်ကြောင်း၊ ခေါင်းဆောင်ငယ်များဖြစ်သည့် ရဲဘော်တို့သည် အချိန်ကို စနစ်တကျစီမံခန့်ခွဲနိုင်ရန်နှင့် မိမိကိုယ်ကို ထိန်းသိမ်းနိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ လူတိုင်းမှာ ရည်မှန်းချက်ပန်းတိုင်များရှိသော်လည်း ကြိုးစားအားထုတ်မှု၊ မိမိကိုယ်ကို ထိန်းသိမ်းမှု၊ ကျန်းမာရေးကောင်းမွန်မှု၊ စစ်စည်းကမ်းလိုက်နာမှု၊ ခေါင်းဆောင်မှုကောင်းခြင်းများအပေါ်မှုတည်ပြီး တိုးတက်မှုနှင့် တာဝန်ပေးအပ်ခံနိုင်မှုများဟာ ကွာခြားသွားနိုင်ကြောင်း၊ ဒါ့ကြောင့် အစစအရာရာ ချင့်ချိန်ပြီး ခေါင်းဆောင်ကောင်းပီသစွာဖြင့် ပေးအပ်သည့် တာဝန်များကို ကြိုးစားဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း၊ အပြင်လေးပြင်ရင့်သန်ပြီး တိုင်းပြည်နှင့် လူမျိုး အကျိုးစီးပွားကို ထိရောက်စွာ သယ်ပိုးထမ်းဆောင်နိုင်စွမ်းရှိသော အင်ဂျင်နီယာပညာရှင် အရာရှိကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်၊ အရာရာကို စနစ်တကျလေ့လာပြီး အတွေ့အကြုံများနှင့် ပေါင်းစပ်ကာ ကျွမ်းကျင်ခိုင်မာမှုရှိအောင် တည်ဆောက်ပြီးမှ နောက်တစ်ဆင့်ကို တက်လှမ်းနိုင်ရေးကြိုးစားကြရန်လိုကြောင်း၊ အနာဂတ်တွင် အဆင့်မြင့်သည့် နည်းပညာများကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးပြီး တပ်မတော်စွမ်းရည်ရှိရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍများတွင် ကြိုးဝမ်းဆောင်ရွက်သွားကြရန်၊ တပ်မတော်၏ အဓိက တာဝန်များကို ထမ်းဆောင်ရင်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် စိတ်ရင်းစေတနာ မှန်ကန်စွာဖြင့် ဆောင်ရွက်ကြရန်၊ ဒီတာပန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး အနာဂတ်နိုင်ငံတော်နှင့် တပ်မတော်အတွက် အားထားရသည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော် နည်းပညာတက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းသုံးဦးနှင့် ၎င်းတို့၏ မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် Exhibition Hall သို့ သွားရောက်၍အီလက်ထရွန်နစ် နည်းပညာသုတေသန၊ ရေကြောင်းနှင့် လေကြောင်းနည်းပညာသုတေသန၊ စွမ်းအင်သုတေသန၊ စက်မှုနှင့် သတ္တုဗေဒနည်းပညာသုတေသန၊ ဓာတုနည်းပညာသုတေသနပြခန်းများသို့ လှည့်လည်ကြည့်ရှု၍ ပြခန်းတာဝန်ခံများ၏ ရှင်းလင်း တင်ပြချက်များအပေါ် အပြန်အလှန်ဆွေးနွေး၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (မြပတီ)



ကာတွန်း- ဝင်းကြီးအောင်..

# အကြီးစားဒီဇယ်အင်ဂျင်ထုတ်လုပ်မှု အလုပ်ရုံဖွင့်ပွဲကျင်းပ
# ဒုတိယသမ္မတ ဦးညာဏ်ထွန်း ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နေပြည်တော် ဒီဇင်ဘာ ၆

စက်စွမ်းအားပြည့်ထုတ်လုပ်မည်ဆိုပါက တစ်နှစ်လျှင် V-Type 170 ZC Series အမျိုးအစား ဆလင်ဒါ ၀၆ လုံးတပ် မြင်းကောင်ရေ ၂၀၀၀ မှ ၂၂၀၀ ဒီဇယ်အင်ဂျင်အလုံး ၁၀၀ ထုတ်လုပ်နိုင်မည့် အကြီးစားဒီဇယ်အင်ဂျင်ထုတ်လုပ်မှုအလုပ်ရုံကို ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။

စက်မှုဝန်ကြီးဌာန အမှတ်(၀၄) အကြီးစားစက်ရုံ(သာဝရ)၏ အကြီးစားဒီဇယ်အင်ဂျင်ထုတ်လုပ်မှု အလုပ်ရုံဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရစက်မှုဇုန်နယ်မြေရှိ အဆိုပါစက်ရုံကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းတက်ရောက်၍ အလုပ်ရုံကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမျိုးအောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong Puli Construction & Engineering Co., Ltd. ဥက္ကဋ္ဌ Mr. Liu Jianye တို့က အလုပ်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများက အလုပ်ရုံဖွင့်ပွဲ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတက အလုပ်ရုံကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြသည်။

ထို့နောက် ဒုတိယသမ္မတက အလုပ်ရုံအတွင်း မြင်းကောင်ရေ ၂၀၀၀ မှ ၂၂၀၀ အကြီးစားအင်ဂျင်များတွင် တပ်ဆင်အသုံးပြုမည့် အင်ဂျင်အစိတ်အပိုင်းများ စက်ခုတ်စားနေမှုနှင့်

စာမျက်နှာ ၄ ကော်လံ ၀ သို့



## ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ ဦးညာဏ်ထွန်း စက်ရုံအတွင်း အင်ဂျင်အစိတ်အပိုင်းများ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## မိမိတို့၏ အစီကရည်မှန်းချက်မှာ ရွှေတံဆိပ်ရရှိရေးဖြစ်

ရန်ကုန် ဒီဇင်ဘာ ၆

မြန်မာယူ-၂၃ ဘောလုံးအသင်းအား အချိန်သုံးလခန့်သာယူ၍ လေ့ကျင့်ခဲ့ရ၍ ကစားသမားအားလုံးကို အားရကျေနပ်ပြီး ရွှေတံဆိပ်ဆုရယူရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း မြန်မာဘောလုံးအသင်း၏ နည်းပြချုပ်ဖြစ်သူ တောင်ကိုရီးယားနိုင်ငံသား ဝတ်ဆောပ်ဟွာက ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ဂုဏ်ပြုသောအားဖြင့် ဆီးဂိမ်းအထူးထုတ် လေးမျက်နှာ အပိုပါရှိပါသည်။

## ပထမဆုံး အခမဲ့သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာဖွင့်ပြီ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ဆွေဆွေနိုင်(သတင်းစဉ်)

ကလလရှည်ကြည် သန္ဓေတည်ကတည်းမှစ၍ မွေးဖွားလာသည်မှ သေဆုံးချိန်ရောက်သည့်တိုင်အောင် ဘဝတစ်လျှောက် အရွယ်အသီးသီးကို လူတိုင်းလူတိုင်း ဖြတ်ကျော်ရစမြဲပင် ဖြစ်ပေသည်။

ယင်းသို့ ဖြတ်ကျော်ရာတွင် နို့စို့ရွယ်၊ ကျောင်းနေရွယ်၊ လူငယ်၊ လူရွယ်၊ လူကြီးဘဝများကို ကျော်ဖြတ်၍ ယေဘုယျအားဖြင့် အသက် (၆၀)ကျော်၊ (၇၀)ကျော်အရွယ်များကို သက်ကြီးရွယ်အိုများအဖြစ် အများစုက သတ်မှတ်ခဲ့ကြဝေသည်။

မမွေသဘောအရမူ အသက် (၅၀) စွန်းစပြုသည်နှင့် ဟာနိဆုတ်ယုတ်သည့်အရွယ်ဟု သတ်မှတ်ထားသည်။

သက်ကြီးရွယ်အိုအဖြစ် မည်သို့ပင် သတ်မှတ်စေကာမူ ကာယကံရှင်၏ ရင်ထဲ၍ စွဲမှတ်နေရမည်မှာ အသက်အရွယ်ကြီးရင့်ခြင်းသည် ရောဂါမဟုတ်၊ အသက်ကြီးရင့်ခြင်းနှင့် ယှဉ်တွဲပါလာသော အခြင်၊ အကြားလှုပ်ရှားမှုများ ဆုတ်ယုတ်ချို့ယွင်းခြင်းသည်လည်း ရောဂါမဟုတ်ဟု၍သာ ဆိုရမည်ဖြစ်သည်။

မြန်မာလူမျိုးတို့၏ ခေတ်အဆက်ဆက် ရှေးမပျက် ချစ်စရာဓလေ့စရိုက်များအနေဖြင့်မှ မိမိတို့ကို မွေးထုတ်ဝေးခဲ့သည့် မိခင်၊ ဖခင် သက်ကြီးရွယ်အိုများကိုပင်မဆိုထားနှင့်မိခင်၊ ဖခင်အရွယ်၊ ဦးလေး၊ အဒေါ်၊ ဘကြီး၊ ကြီးတော်အရွယ်များကိုပင် ဖြေဆုံလက်နယ် ပြုစုပေးခြင်း၊ခေါင်းလျှော်ပေးခြင်း၊

စာမျက်နှာ ၄ ကော်လံ ၃ သို့




ယနေ့ မာတိကာ

နိုင်ငံသားတိုင်း၏ တာဝန် စာမျက်နှာ - ၂

ခေတ်သစ်ဇီဝကများနှင့် အနာဂတ်ပြည်သူ့ကျန်းမာရေးကဏ္ဍ စာမျက်နှာ - ၆

ဆီးဂိမ်းပွဲတော် ဂုဏ်ပြုဓာတ်ကိုယ်တော် မာရသွန်ပြေး စာမျက်နှာ - ၉

ဆိပ်ကမ်းများတွင် ပွစ်လင်းရာသီ ကုန်စည်စီးဆင်းမှုအားကောင်း စာမျက်နှာ - ၁၂





WEST MEETS EAST
System-10088
:hager



:hager
A Leading European Manufacturer
www.hager.com

Sole Distributor:
Super Power
Electric Industry Co., Ltd.
Tel: 01 552594, 558386, 558422, 860 3223~5
Email: spowercompany@gmail.com
info2@mspei.com

ကြေးမုံ

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲ
အထူးထုတ်



(၄၄)နှစ်တွင် တစ်ကြိမ် ပြန်လည်ကျင်းပခွင့်ရသည့် ဆီးဂိမ်းပြိုင်ပွဲကြီးကို ဂုဏ်ပြုပါသည်။ ၇ - ၁၂ - ၂၀၁၃ (စနေနေ့)

# မြန်မာအမျိုးသမီး ဘော်လီဘောအသင်းနှင့် ဆီးဂိမ်းအလားအလာ

နေပြည်တော် ဒီဇင်ဘာ ၆

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် သက်ဆိုင်ရာ အားကစားနည်းအလိုက် ပြိုင်ပွဲဝင်ကြမည့် မြန်မာအားကစားအဖွဲ့များက အမြင့်ဆုံးရွှေတံဆိပ်ဆုရရှိရန် မျှော်မှန်းယှဉ်ပြိုင်ကြမည်ဖြစ်သော်လည်း မြန်မာ အမျိုးသမီးဘော်လီဘောအသင်းမှာ အမြင့်ဆုံး ကြေးတံဆိပ်သာ မျှော်မှန်းနိုင်ကြောင်း မြန်မာ အမျိုးသမီးဘော်လီဘောအသင်းနည်းပြက ပြောကြားသည်။

ယခုဆီးဂိမ်းအားကစားပွဲတွင် ပြိုင်ပွဲဝင်ရန်လေ့ကျင့်နေသော မြန်မာအမျိုးသမီးဘော်လီဘော အသင်းနှင့် တာဝန်ရှိသူများကို သွားရောက်မေးမြန်းခဲ့ရာ မြန်မာအမျိုးသမီးဘော်လီဘောအသင်းမှာ လေ့ကျင့်ချိန် ပြင်ဆင်ချိန် နှစ်နှစ်ခန့်ရရှိခဲ့ပြီး နိုင်ငံတကာပွဲများနှင့် ပြည်ပတွင်သွားရောက် လေ့ကျင့်ခဲ့မှုများလည်းရှိကြောင်း နိုင်ငံတကာပွဲအတွေ့အကြုံများရှိသည့်အတွက် လေ့ကျင့်မှု အနေအထားကို အားရကျေနပ်သော်လည်း အမြင့်ဆုံးကြေးတံဆိပ်သာ မျှော်မှန်းနိုင်ကြောင်း မြန်မာအမျိုးသမီးဘော်လီဘောအသင်းနည်းပြ ဦးသိန်းဆွေက ပြောကြားသည်။

ရွှေတံဆိပ်ဆု ဘာကြောင့်မမျှော်လင့်နိုင်သလဲဟု မေးမြန်းခဲ့ရာ ကျွန်တော်တို့ မြန်မာအမျိုးသမီး ဘော်လီဘောအသင်းမှာ အားနည်းသည့်အတွက် ရွှေမှန်း၍မရနိုင်ကြောင်း အမျိုးသမီး ဘော်လီဘောပြိုင်ပွဲမှာ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် မြန်မာ ငါးနိုင်ငံတွင် ထိုင်းနှင့် ဗီယက်နမ်မှာ အင်အားအတောင့်တင်းဆုံးအသင်းများဖြစ်ပြီး ကမ္ဘာ့အဆင့် ကစားသမားများ ပါဝင်နေကြောင်း ယခုကဲ့သို့ အင်အားတောင့်တင်းလာခြင်းမှာ အဆိုပါ နိုင်ငံများသည် နှစ်စဉ်နှစ်တိုင်း ပြိုင်ပွဲတိုင်းတွင် အမြဲဝင်ရောက်ယှဉ်ပြိုင်ကာ အတွေ့အကြုံရယူခဲ့သည့် အတွက်ကြောင့်ဖြစ်ကြောင်း ကျောင်းများတွင်လည်း ကစားသမားများ မွေးထုတ်ပေးလျက်ရှိကြောင်း ပြောက်တန်းအရွယ်ခန့်တွင်

စာမျက်နှာ ၂ သို့ »»



သတင်း - အေးဝမ်းစိုး
ဓာတ်ပုံ - ခင်မောင်ဝင်း

# မြန်မာခြင်းလုံးအသင်း အမှတ်အများဆုံးဖြင့် ဦးဆောင်

ဓာတ်ပုံ - မိုးမိုး




စာမျက်နှာ ၁၃ သို့ »»

# ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် ယူ - ၂၃ အမျိုးသားဘောလုံးအသင်း အပြီးသတ်ကစားသမားစာရင်းထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၆

(၂၇)ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ကာလရှည်ကြာ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည့် မြန်မာ့လက်ရွေးစင် ယူ-၂၃ အမျိုးသား ဘောလုံးအသင်း၏ နည်းပြချုပ် မစ္စတာ ပတ်ဆောင်ဟွာသည် ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကစားသမား လူ (၂၀)စာရင်းအား အပြီးသတ်ထုတ်ပြန်ကြေညာခဲ့သည်။ ဆီးဂိမ်း ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် ယူ-၂၃ အမျိုးသား ဘောလုံးအသင်းများမှာ ဂိုးသမား- ပြည့်ဖြိုးအောင်၊ ကျော်ဇင်ဖြိုး၊ နောက်တန်း- စည်သူအောင်၊ ဇော်မင်းထွန်း၊ အောင်ဟိန်းကျော်၊ ရန်အောင်ဝင်း၊ ဇန်ဘိုထွန်း၊ အောင်ဇော်၊ သက်နိုင်၊ အလယ်တန်း- နိုင်လင်းဦး၊ ဒေးဗစ်ဒန်း၊ နေလင်းထွန်း၊ ဆက်ဖြိုးဝေ၊ ရဲလင်းအောင်၊ သိန်းသန်းဝင်း၊ ကျော်မင်းဦး၊ ရှေ့တန်း- ကျော်ဇေယျာဝင်း၊ ကြည်လင်း၊ ကောင်းစည်သူ၊ ကျော်ကိုကိုတို့ ဖြစ်ကြသည်။ မြန်မာယူ-၂၃ အသင်းသည် အုပ်စု(B)တွင် မြန်မာ၊ အင်ဒိုနီးရှား၊ တီမော၊ ထိုင်း၊ ကမ္ဘောဒီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဖွင့်ပွဲစဉ်ကို ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ဒီဇင်ဘာ ၇ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ [အောင်ကျော်ဝင်း]

# ကြေးမုံ ကြော်ငြာ ADVERTISEMENT

**အာရှနဂါး**
ချောင်းသာ / ငွေဆောင်
နံနက် / ည
Ph : 703790,09-861-9008
707062,09-861-7770

**NATURAL BREEZE** Travels
❖ ဗန်ကောက်စရီးစဥ် Dec.28
❖ စင်ကာပူခရီးစဥ် Dec.28
❖ ကိုရီးယားခရီးစဥ် Dec.26
❖ စင်ကာပူ–မလေးရှား Dec.27
❖ ဟောင်ကောင်ခရီးစဥ် Dec.29
အမှတ် (၂၄၂)၊ အခန်း(၃၀၄) ဓနလှိုင်တာဝါ၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်
01 500734 09 73 211441 09 73 211442

**ထိုး ဒိုး နဲ့ GO ပြီ!** Amazing Shoppings!...
- မန်ကောက် (၅ညအိပ်၊၆ရက်) Dec.14/22/28
- ကိုရီးယား (၇ညအိပ်၊၈ရက်) Dec.25
- ဂျပန် (၇ညအိပ်၊၈ရက်) Dec.23
- ဟောင်ကောင်~မကာအို (၇ညအိပ်၊၈ရက်) Dec.25
- ဗီယက်နမ် (၅ညအိပ်၊၆ရက်) Dec.25
- ဘာလီ (၄ညအိပ်၊၅ရက်) Dec.25
- ကမ္ဘောဒီးယား (၄ညအိပ်၊၅ရက်) Dec.25
- စင်ကာပူ~မလေးရှား (၆ညအိပ်၊၇ရက်) Dec.28

၁၀၉၊ မထပ်၊ စဥ့်အိုးတန်းလမ်း၊ လသာ။ ဖုန်း- ၃၇၈၅၀၃၊ ၃၇၈၀၂၇၊ ၂၅၀၇၃၄၊ ၀၉-၇၃၀၅၁၄၀၆/၇၊ ၀၉-၅၁၄၅၅၁၉

ဗန်ကောက် (၆ရက်)
ဗန်ကောက်-ဖူးခက်(၆ရက်)
ကိုရီးယား/ဂျပန် (၈ရက်)
စင်ကာပူ-မလေးရှား(၇ရက်)
ဗန်ကောက်-ကမ္ဘောဒီးယား (၆ရက်)
စင်ကာပူ-မလေးရှား-ဗန်ကောက် (၉ရက်)
Dec 24,25
**ရွှေဘုန်းပြည့်**
ခရီးသွားဝန်ဆောင်မှုလုပ်ငန်း
အမှတ်(၃၈)အောင်ဇေယျလမ်း
ကျောက်ကုန်းမီးပွိုင့်အနီး။
01.566101,09-73060048,
09-2011313,09-421014616

**Travel Gateway** Tourism Services Co., Ltd.
The best way to explore worldwide destination!
ဗန်ကောက် - Dec 28,31 ✳ ဟောင်ကောင် - Dec 26
စင်ကာပူ - Dec 25,28 ✳ ကိုရီးယား - Dec 25
ဒုဘိုင်း - Dec 26 ✳ ဗီယက်နမ် - Dec 24
ဂျပန်၊ ဥရောပ၊ အမေရိကား၊ ဩစတြေးလျ၊ ရုရှား၊ ဘာလီ၊ အစ္စရေး၊ တရုတ်၊ ဘာလီ၊ ကမ္ဘောဒီးယား..
Tel : 09 730 28393, 09 431 33615, 09 318 51464

မြို့ရှာတစ်ခွင်
သာစေချင်
မီးတွင် မပေါ်နိုင်




**PARAMI** General Hospital
ပါရမီအထွေထွေရောဂါကုဆေးရုံ
Parami General Hospital

**မွေးရာပါ နှလုံးရောဂါ၊ နှလုံးအဝေါက်ပါ ကလေးများနှင့် ကလေးနှလုံးရောဂါဆိုင်ရာ ကုသမှု**

အထူးအစီအစဉ်အနေဖြင့် မွေးရာပါနှလုံးရောဂါ၊ နှလုံးအပေါက်ပါကလေးများနှင့် ကလေးနှလုံးရောဂါဆိုင်ရာကုသမှုများအား ကျွန်တော်တို့ ပါရမီအထွေထွေရောဂါကုဆေးရုံနှင့် ထိုင်းနိုင်ငံ နာမည်ကြီးဆေးရုံတို့ပူးပေါင်း၍ ကလေးနှလုံးအထူးကုဆရာဝန်ကြီးကိုယ်တိုင် ဒီဇင်ဘာ (၁၁) ရက်နှင့် (၁၁) ရက်နေ့တွင် လာရောက်ကြည့်ရှုပေးပါမည်။

စမ်းသပ်ကုသမှုကို ချိုသာသောဈေးနှုန်းဖြင့် ကုသမှုပေးမည်ဖြစ်ပါသည်။



လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်ရက်ချိန်းယူပါရန်

အမှတ် (၆၀)၊ (ဂျီ-ဝ)၊ ပါရမီလမ်းသစ် (ချော့တွင်းကုန်းမီးပွိုင့်အနီး)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - (၉၅-၀) ၆၅၀၆၇၄၊ ၆၆၀၀၈၃၊ ၆၅၇၂၂၈၊ ၆၅၇၂၃၀၊ ၆၅၇၂၃၀။









*We want local Talents, join us in*

*"Making a Difference in Yangon"*

Hotel PARAMI

Yangon - Myanmar



ဟိုတယ်တည်နေရာသည် ရန်ကုန်မြို့၏စီးပွားရေးအထူးအချက်အချာကျသည့်နေရာတွင် တည်ဆောက်ထားပါသည်။ ဟိုတယ်ပါရမီသည် ကြယ်လေးပွင့်အဆင့် ဟိုတယ်ဖြစ်ပြီး ၂၀၁၄ ခုနှစ် မေလတွင်ဖွင့်လှစ်ရန် လျာထားပါသည်။ ၎င်းတွင် အသင့်ပြင်ဆင်ပြီးအခန်း(၁၁၀)နှင့် အတူRestaurant, Bar, Coffee Shop, Rooftop Swimming Pool, Sky Lounge များပူးတွဲပါရှိမည်ဖြစ်ပါသည်။သို့ပါသဖြင့်ကောင်းမွန်ပြည့်စုံသော အရည်အချင်းနှင့်လေ့လာစည်းမှုးလိုစိတ်ပြင်းပြသော ဝန်ထမ်းများအား ရှာဖွေခန့်အပ်ရန်ရှိပါသည်။

ပြည်တွင်းမှပြည်ပအတွေ့အကြုံရှိပြီးထူးချွန်ကျွမ်းကျင်သော အောက်ဖော်ပြပါ ဝန်ထမ်းများအားခေါ်ယူခန့်ထားမည်ဖြစ်သဖြင့် ကျွန်တော်တို့ ဟိုတယ်ပါရမီနှင့် ဆက်သွယ်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ Qualify မပြည့်မီသေးသော ဝန်ထမ်းများကိုလည်း သင်တန်းပေးခန့်အပ်ထားရန်ရှိပါသည်။

ဟိုတယ်ပါရမီ အကြိုဖွင့်လှစ်ရန်အတွက် အောက်ဖော်ပြပါဝန်ထမ်းများအား ခေါ်ယူခန့်ထားလေ့ကျင့်ပေးရန်ရှိပါသည်။

(1) : Assistant General Manager / Resident Mananger
(2) : Human Resource Mananger
(3) : Finance Mananger / Accountants
(4) : Business Development Mananger / Sales Manangers / Asst.Sales Mananger
(5) : Rooms Division Mananger / Front Office Mananger / Asst Front Office Manange
(6) : Executive Chef / Executive Sous Chef
(7) : Executive Housekeeper / Assistant Housekeeper
(8) : Reservation Mananger / Internet Marking Executive
(9) : Maintainance Mananger
(10) : Chief Securit Officer
(11) : EDP Mananger /IT Executive
(12) : Engilish Language Teacher /Skills Training Mananger (freelance / Flexi hours )
(13) : Adiministrative Assistants / Clerical Assistants
(14) : Suitable post (Male / Female)

လိုအပ်သော အချက်များ

Sherwood Hotel Management အဖွဲ့မှစီမံခန့်ခွဲမှုဖြင့် ပြည်တွင်းမှထူးချွန်ဝန်ထမ်းများအား ဖော်ထုတ်နိုင်ရေးအတွက် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သင်တို့၏ပြီးပြည့်စုံသော CV လျှောက်လွှာ၊ မကြာခင်မှရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံနှင့်တွဲပြီးမျှော်မှန်းလစာတို့အား အောက်ပါအီးမေးလ်လိပ်စာသို့ ပေးပို့ရမည်ဖြစ်ပါသည်။ သို့မဟုတ် ဟိုတယ်လိပ်စာသို့လူကိုယ်တိုင်ဖြစ်စေ၊ အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ဖြစ်စေ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

| | |
|---|---|
| hrdept.parami@gmail.com | အောင်ရဲကျော် |
| The HR Dept: | 09-5188902 |
| Hotel Parami | |
| No.2, Parami Road - Yangon | |

*managed by Sherwood Hotel Management

closing date : 10th Dec.2013

SINMA FURNISHINGS CO.,LTD ၏

## Sinma Living Mall

အား နေပြည်တော် ဥတ္တရသီရိမြို့နယ်
Commerical Complex တွင်
အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်းအတွက်
ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့်
ဆက်လက်၍ အောင်မြင်တိုးတက်မှုများ
ဆတက်ထမ်းပိုးရရှိပါစေကြောင်း
ဆုမွန်ကောင်းများဖြင့်

United Winners International Co.,Ltd.
SAMA KEBEL SDN.BHD.,MALAYSIA

AMAZING DREAMS
TRAVELS & TOURS

ဗန်ကောက် - ပတ္တရား (၅ည/၆ရက်) DEC 27/ FEB 12/ APR 12
စင်ကာပူသီးသန့် (၃ည/၄ရက်) DEC 25/ FEB 12/ APR 13
ဗုဒ္ဓဂယာ (၁၄ည/၁၅ရက်) FEB 19/ MAR 29
ကိုရီးယား (၈ည/၉ရက်) DEC 27/ APR 12
ဂျပန် (၈ည/၉ရက်) APR 11
ကြိုတင်စာရင်းပေးသွင်းခြင်းဖြင့် Special Discount ရယူပါ

အမှတ်(၂၄၁)၊ ၄ လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊
Phone : 01-2302068 ၊ 09-5077968 ၊ 09-5113271

TRAVEL KING Travels & Tours Co,.Ltd.

| | |
|---|---|
| - ဗန်ကောက်-အယုဒ္ဓရ-ပတ္တရား | - 650 USD |
| - ဗန်ကောက်-စင်ကာပူ-မလေးရှား | -1350 USD |
| -စင်ကာပူ (၂ည/၃ရက်) | -750 USD |
| -စင်ကာပူ (၃ည/၄ရက်) | -850 USD |
| -စင်ကာပူ-မလေးရှား (၆ည/၇ရက်) | -1200 USD |
| -ကမ္ဘောဒီးယား-ဗီယက်နမ် | -1350 USD |

ဆက်သွယ်ရန်ဖုန်းနံပါတ်-

01-249254, 09-43123233, 09-421013358, 09-31350960

## ကွာရှင်းပြတ်စဲပြီးစီးကြောင်း

ကျွန်တော် ရန်မျိုးအောင် [၁၄/သပန(နိုင်)၀၇၃၃၄၂]နှင့် မလှိုင်လှိုင်နိုင် [၁၄/သပန(နိုင်)၀၀၀၂၂၅]တို့သည် လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီး ဖြစ်ပါကြောင်း။

**ရန်မျိုးအောင်[၁၄/သပန(နိုင်)၀၇၃၃၄၂]**






## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်မိုးမြင့်စံ(၁၂/အစန(နိုင်)၂၂၀၅၂၇)၏ ပတ်စပို့စာအုပ်အမှတ်(M-၈၄၆၅၈၄)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၉၂၅၇

## အမည်ပြောင်း

ဗဟိုအခြေခံပညာမလတန်းလန်ကျောင်း(သန်လျင်) ပထမတန်း(င)မှ မဖူးဖူးပြည့်အောင်မိုးအား ယနေ့မှစ၍ မေငြိမ်းချမ်းဟု ပြောင်းလဲခေါ်ပါရန်။

မေငြိမ်းချမ်း
















## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

**ချန်ပီယမ်ဆောက်လုပ်ရေးပစ္စည်းများကုမ္ပဏီလီမိတက် Champion Construction Materials Co.,Ltd.** (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၈၁၁/၂၀၀၉)သည် အောက်ဖော်ပြပါ ကုန်တံဆိပ်ပိုင်ရှင်ဖြစ်ကြောင်း ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်(၁၁၇၈၃/၂၀၁၂)ဖြင့် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

CHAMPION®
Sophisticated lifestyle

**ကုန်အမှတ်တံဆိပ်မှတ်ပုံတင်အမှတ်-၁၁၇၈၃/၂၀၁၂**

အထက်ပါ CHAMPION® Sophisticated lifestyle ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် Steel Tank (စတီးလ်ရေတိုင်ကီ)၊ P.V.C. Tank(ပလတ်စတစ်ရေတိုင်ကီ)၊ Steel Sink(စတီးလ်လက်ဆေးဇလုံ)၊ Sauna Room(ချွေးထုတ်ခန်း)၊ Jacuzzi(အဆင့်မြင့်ရေချိုးခန်း)၊ Bath Room Accessories(ရေချိုးခန်းသုံးပစ္စည်းများ) (ဆပ်ပြာခွက်၊ မှန်စင်၊ မျက်နှာသုတ်ပဝါတန်း၊ ဖန်ခွက်၊ ရေအိမ်သုံးစက္ကူလိပ်ထည့်ခွက်. .)၊ Hand Spray(အိမ်သာသုံးလက်ကိုင်ရေပန်း)၊ Toilet & Basin(ကြွေအိမ်သာအိုးနှင့်ကြွေလက်ဆေးဇလုံ)၊ Bath Tub(ရေချိုးကန်)၊ Basin Mixer(လက်ဆေးဇလုံတပ်ဘုံပိုင်ခေါင်း)၊ Bath Mixer(ရေချိုးကန်တပ်ဘုံပိုင်ခေါင်းနှင့်လက်ကိုင်ရေပန်း)၊ Shower(ရေချိုးခန်းနံရံကပ်ရေပန်း၊ ဘုံပိုင်ခေါင်း၊ လက်ကိုင်ရေပန်း)၊ Tiles(ကြမ်းခင်းနှင့်နံရံကပ်ကြွေပြား၊ ကျောက်ပြား)၊ Aluminium(ဆောက်လုပ်ရေးလုပ်ငန်းသုံးအလူမီနီယံပစ္စည်းများ)၊ Laminate [နံရံနှင့်မျက်နှာကြက်အလှဆင်လမ်(န်)မနိတ်]၊ Composite(သတ္တုပြားများ)၊ Drawer Basket(မီးဖိုချောင်သုံးပစ္စည်းထည့်စင်)၊ Hood (အငွေ့စုပ်စက်)၊ Kitchen Counter (အသင့်သုံးမီးဖိုခုံ)၊ Kitchen Cabinet(မီးဖိုခန်းနံရံကပ်စင်)၊ Water Heater(ရေပူစက်)၊ Elevator(ဓာတ်လှေကား)၊ Shower Room(အသင့်သုံးရေချိုးခန်းငယ်)၊ Steel Security Door(စတီးလ်လုံခြုံရေးတံခါး)၊ Stainless Steel Door (အဆင့်မြင့်စတီးလ်မ်န်းတံခါး)၊ P.V.C Interior Door(အိမ်တွင်းသုံးပလတ်စတစ်တံခါး)၊ Steel Wooden Interior Door(အိမ်တွင်းသုံးစတီးလ်သားဖြည့်သစ်သားတံခါး)၊ Solid Wooden Door(အဆင့်မြင့်သစ်သားလုံခြုံရေးတံခါး)အစရှိသည့် ပစ္စည်းများနှင့် အပိုပစ္စည်းများကို ဖြန့်ဖြူးရောင်းချလျက်ရှိပြီး ထပ်ပိုးပစ္စည်းများပေါ်တွင် အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးပြုလုပ်ပြီး ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ ဖိနှိပ်၍ အသားတံဆိပ်တို့ဖြင့်ပြုလုပ်ကာ နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့များနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတို့တွင် လက်လီလက်ကားဖြန့်ဖြူးရောင်းချခြင်းများကို အမည်ကောင်းဂုဏ်သတင်းဖြင့် အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ ထင်ရှားကျော်ကြားလျက်ရှိသော CHAMPION® ၏ Logo တံဆိပ်အမှတ်အသားကို အချို့သော စီးပွားရေးမသမာသူတို့က ထင်ယောင်ထင်မှား မှိုင်းမြင်သွယ်ဝိုက်၍ ဆင်တူယိုးမှားတုပပြုလုပ်ကာ သတင်းစာမကြော်ငြာလာကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ မည်သူမဆို ချန်ပီယမ်ဆောက်လုပ်ရေးပစ္စည်းများကုမ္ပဏီလီမိတက် Champion Construction Materials Co.,Ltd ၏ အထက်ပါ Logo ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မိုင်ငြမ်း၍ အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သွယ်ဝိုက်၍အတုအပပြုလုပ်ခြင်းစသည်တို့ကို တုပပြုလုပ်၍သုံးစွဲခြင်းမပြုပါရန်နှင့် အကယ်၍ တုပပြုလုပ်သုံးစွဲဖြန့်ဖြူးရောင်းချခြင်း၊ ကြော်ငြာခြင်း၊ အခြားတစ်နည်းနည်းဖြင့် အသုံးပြုခြင်းပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ချန်ပီယမ်ဆောက်လုပ်ရေးပစ္စည်းများကုမ္ပဏီလီမိတက်**
**Champion Construction Materials Co.,Ltd.၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်မောင်ဆွေ B.A(Law), LL.B.,D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၃)**
**အမှတ်-၁၆၃၊ (၄-လွှာ)၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၅၉၄၆၀၊ ၀၉၅၀၀၉၁၆၇**


TMW Enterprise Limited
တကယ့်လျှော့ဈေး
Giant SALE
6 ~ 8 DEC | 2013 (3 DAYS ONLY!)
● ကမ္ဘာကျော် Branded Mobile Handset မျိုးစုံ ● Branded LED 3D TV
● Digital Camera & Accessories ● လုပ်ငန်းသုံး/ အိမ်သုံး Projector များ
● အမျိုးအစားထောင်ချီတဲ့ Electronics ပစ္စည်းများ ● ဂျပန်အိမ်သာအိုး
● အသက်ရှူကျောက်ပြားများ ● အိမ်အလှဆင် အဆင့်မြင့်ကြွေပြားများ
● Fashion အဝတ်အစားများ
တစ်နှစ်မှတစ်ခါအသက်သာဆုံးဈေးနှုန်းဖြင့်
ရရှိနိုင်မည့်အခွင့်အရေး . . .
TMW Enterprise Limited
ပစ္စည်းတိုင်းအတွက် Official Warranty ပါရှိပါသည်။
TMW Complex - ကမ္ဘာအေးစေတီလမ်း ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ Hot Line : 01-546 006
TMW Tower (MDY) - လမ်း(၃၀) နှင့် (၈၂) လမ်းထောင့် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ Hot Line : 02-72580~4
All Wai Yan Electronics Centers :
ဗိုလ်အောင်ကျော် ၀၁– ၃၉၈၅၆၃ ၊ ပန်းဆိုးတန်း ၀၁– ၂၅၀၅၉၇ ၊ ကမ္ဘာအေး ၀၁–၄၀၁၄၁၆ ၊ မြယမုံ ၀၁–၈၁၀၀ ၃၄၃
တောင်ကြီး ၀၈၁ – ၂၀၀ ၅၇၁ ၊ ပြည် ၀၅၃ – ၂၄၀၄၀ ၊ နေပြည်တော် ၀၆၇ – ၈၁၀ ၈၀၈၉ ၊ ၄၂၀ ၇၉၁